http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ကိုတင့် စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

စမ္မ ရသ သုတ ရှုပ်စုံ

No. 2, August, 2011


Shwe Moung Colourful Mini Comic

ပိဝိဇကွေးနှင့် ဘုတ်အိမ ပါဝင်သော

ငရဲ--ဟုသည်

ကုသိုလ်(ကောင်းမှု)ဖြစ်စေ၊ အကုသိုလ်(မကောင်းမှု)ဖြစ်စေ ပြုလုပ်တဲ့အခါ "သေးငယ်တယ် အကျိုးပေးမှာ မဟုတ်ဘူး" လို့ အထင် မသေးကြနဲ့။ တံစက်မြိတ်အောက်မှာ ချထားတဲ့ ရေအိုးဟာ ရေတစ်စက် တစ်စက် ကျရုံဖြင့် မကြာမီပြည့်လာသလို နောင်တစ်ချိန်မှာ အကျိုးပေးမှာပါ။

မဟာကဿပရဲ့ဆရာတော် အရှင်နေကာဘိဝံသ




စာမျက်နှာ(၇)မျက်နှာ တိုးထားပါသည်။ တန်ဖိုးတိုးမြှင့်ခြင်း လုံးဝ မရှိပါ။

"မကောင်းမှု"(အကုသိုလ်)ပြုကြသူများသည် မိမိပြုခဲ့မိသောအပြစ်ကြီးငယ်ကိုလိုက်၍ အပါယ်လေးဘုံ မှ "ငရဲ"ဘုံ၌ ဒုက္ခမျိုးစုံခံကြရပုံကို သိမြင်နိုင်မှသာ "မကောင်းမှု"(အကုသိုလ်)များ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ကြမည်သာဖြစ်ပါသည်။ ထို့ကြောင့် "ငရဲကြီး ရှစ်ထပ်"၏ မြင်ကွင်းစုံကို ဗုဒ္ဓစာပေကျမ်းဂန်လာသည်နှင့်အညီ သရုပ်ဖော်ရေးဆွဲထားပါသည်။ ရုပ်ပြပရိသတ်အများစုမှာ ဆယ်ကျော်သက်အရွယ် လူငယ်များဖြစ်ကြသဖြင့် အလွန်ရက်စက်သည့် အကြောင်းအရာတို့ကို သရုပ်ဖော်ခြင်းမပြုဘဲ "စာ"ဖြင့်သာ သဘောပေါက်အောင်ဖော်ပြထားပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com





http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

ဒေါ်စဉ်--ကိုရင်တစ်ပါးရောက်လာပြီး

ငရဲကြီးဘူမှာ အပြစ်ကျခံပြီးလို့
လူတ်မြောက်ခွင့်ရခဲ့ကြတဲ့ ငရဲသားတွေဟာ--
မိမိတို့အပြစ်အတွက် အပြစ်ခံရဖို့ အကြွင်းအကျန်
ရှိနေသေးတယ်ဆိုရင်--အဲဒီ "ငရဲငယ်" တွေမှာ
ထပ်ပြီး အပြစ်ခံကြရသေးသတဲ့လေ--


အရှင်ဘုရား--
ဆရာတော်ဘုရားကြီးက--အရှင်ဘုရားကို
အခေါ်လွှတ်လိုက်ပါတယ်ဘုရား--


သြော်--ဟုတ်ပါရဲ့
မေ့နေလိုက်တာ--ဆရာတော်ကြီးအတွက်
ဆေးခန်းမှာ--ဆေးတွေ
သွားယူရဦးမှာပဲ--

ဆရာတော်ကြီး အတွက် လုပ်ပေးစရာကိစ္စတွေ
ရှိသေးလို့--ငရဲငယ်တွေရဲ့အကြောင်း အသေးစိတ်ကိုတော့--
ပြန်လာမှမှ ရှင်းပြမယ်--လောလောဆယ်တော့--ဟောဒီ
ဓမ္မရသ ရုပ်ပြစာအုပ်တွေ--ဖတ်ထားကြဦး--နော်



ကဲ--ကဲ--
ဦးပဉ္ဇင်း ကိုစောင့်နေတုန်း--ဒီစာအုပ်တွေ
အပျင်းပြေဖတ်ရင်း--မုန့်တွေလည်း
စားကြ--နော်





http://www.dhammadownload.com

ပိစိကျော်း နှင့် ဘုတ်အိမ တို့ မောင်နှမ နှစ်ယောက်တို့သည် ဦးပဉ္ဇင်း "ဦးဇဝန" ချကျွေးထားခဲ့သည့် မုန့်များကို အားပါးတရ စားကြရင်း စာအုပ်များကို လှန်လှောဖတ်ရှုနေကြ၏။

ဟယ်--ဒီမှာကြည့်စမ်း ဘုရားရှင်ကို--ပြစ်မှားစော်ကားခဲ့တဲ့ "ဒေဝဒတ်" က အရှင်လတ်လတ် မြေမျိုခံရပြီး--"အဝီစိငရဲ" ကို ကျသွားတာ--တွေ့လား

"စုန္ဒ" ဆိုတဲ့--ဝက်သတ်သမားကြီးကတော့ သူမသေခင်ကတည်းက ဝက်တွေအော်သလို--အော်ဟစ် နေရပြီး--သေလည်းသေရော--ငရဲ ကျရတာလေ--

ဒီမှာရော်ပဲ--အဖေကို ပြစ်မှားခဲ့တဲ့--"အဇာတသတ်" လေ-- သေတာနဲ့--ငရဲကိုတန်းကျတာ--တဲ့

ထိုစဉ်--ဦးပဉ္ဇင်း "ဇဝန" ပြန်လည်ရောက်ရှိလာပြီး--

ကဲ--ငါ့ ဒကာတွေ ပျင်းနေကြပြီလား--


မပျင်းပါဘူးဘုရား-- ဘုန်းဘုန်းပေးခဲ့တဲ့--စာအုပ်တွေ ဖတ်နေကြလို့--အချိန်ကုန်လို့ကုန်မှန်းတောင် မသိလိုက်ပါဘူးဘုရား--

ဘုန်းဘုန်းပေးခဲ့တဲ့-- မုန့်တွေလည်း--ပြောင်နေပြီလို့ ပြောဦးလေ--မမရဲ့--

အံမာ--ငါတစ်ယောက်တည်း စားတာကျနေတာပဲ--နင်လည်း စားတာပဲလေ--

Monday, July 18, 2011 11:32:01 PM

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com

"ပြာပူငရဲ" ကနေ လူတိရက်စ္ဆေပြန်တော့
အပြစ်အကြွင်းအကျန် ရှိသေးတဲ့ငရဲသားတွေဟာ
"လက်ပံတော ငရဲ" ကို ရောက်လာကြပြန်တယ်

ဟောဒီ "လက်ပံတော" ငရဲက
"ပြာပူငရဲ" ရဲ့--အရပ်လေးမျက်နှာမှာ ရှိပြီး
"ပြာပူငရဲ" ကို ခြံစည်းရိုးခတ်ထားသလိုမျိုး
"လက်ပံပင်" အမြင့်ကြီးတွေ ပေါက်နေ
တာလေ--

CENSOR
CENSOR
CENSOR
CENSOR
CENSOR

ဦးပဉ္စင်းတို့ ဒီမှာ တွေ့နေရတဲ့
လက်ပံပင်တွေနဲ့မတူဘဲ လက်ပံပင်ကြီးရဲ့
ပင်စည်၊ အကိုင်းအခက်တွေဟာ သံပူတွေလို ရဲရဲနီ
နေတာတဲ့--အပင်တစ်ပင်လုံး ခွန်ထက်လှတဲ့
သံမဏိဆူးဆွေနဲ့ ပြည့်နေတာလေ

အရှက်ကျပြန်တော့လဲ
ဖက်ရှက်လိုမဟုတ်ဘဲ--သန်လျက်လိုပဲ
ထိတာနဲ့ရှတဲ့သံမဏိပြား
အရှက်တွေ--ပေါ့

အောက်ခြေ--မြေပြင်မှာလည်း
သင်တုံးမား လို ထက်ရှလှတဲ့ သံမဏိမားတွေက
ထိုးထိုးထောင်ထောင် ရှိနေတာတဲ့


"လက်ပံတောငရဲ" ကို ငရဲသားတွေ
ရောက်လာကြပြီဆိုတာနဲ့--လက်ပံပင်ပေါ်က
သန်လျက်ပုံ လက်ပံရှက်တွေက မိုးရွာချလိုက်သလို
ကြွေကျလာကြပြီး--ငရဲသားတွေရဲ့ခန္ဓာကိုယ်
အနှံ့စူးဝင်ကြတော့တာပေါ့


အဲဒီအချိန်မှာပဲ
ဆင်ကောင်လောက်ကြီးတဲ့ "ငရဲခွေးကြီး" တွေ
ရောက်လာကြပြီး ငရဲသားတွေကို ကိုက်ခဲဆွဲဖဲ့ကြ
ပြန်သတဲ့--ဒီတော့--ငရဲသားတွေလည်း--
လူတ်ရာလူတ်ကြောင်း--အတူက်
လက်ပံပင်ကြီးတွေပေါ်တက်ပြေး
ကြတယ်လေ

http://www.dhammadownload.com





http://www.dhammadownload.com











http://www.dhammadownload.com

ကြိမ်ပိုက်ချောင်းငရဲ ကတော့
သန်လျက်တောငရဲရဲ့--အပြင်ဘက်ပတ်လည်မှာ
ရှိနေတာပေါ့--

အလွန်ငန်စပ်တဲ့ ကြေးနီရေပူတွေ
အရိုန်အဟုန်နဲ့ စီးဆင်းနေတဲ့နေရာပဲ
ရေပြင်ပေါ်မှာလည်း--သံဆူးတွေ သံချွန်အရွက်တွေနဲ့
ပြည့်နှက်နေတဲ့--ထန်းပင်လုံးလောက်ရှိတဲ့
ကြိမ်နွယ်ပင်ကြီးတွေနဲ့ ယှက်ပြီး
တည်ရှိနေသတဲ့

ကြေးနီရေပူချောင်းကြီး
ထဲမှာ မျောပါလာကြတဲ့ငရဲသားတွေဟာ--
ချောင်းမှာရှိသမျှ ဆူးတွေနဲ့ ကုပ်ခြစ်မိပြီးမချိမဆန့်
ခံကြရတာပဲပေါ့-

သံရည်ပူ၊ ကြေးရည်ပူ တွေ
အပြည့်ရှိနေတဲ့ "ရောမ ကြေးအိုးကြီး" လို့
ကျမ်းဂန်ထဲမှာပါတယ်--သူများမယားကို ပြစ်မှား
မိလို့ ငရဲခံရတဲ့ "ဒု--သ--နု--သော--" ဆိုတဲ့
သူဌေးသား လေးယောက်အကြောင်းကို
ဒကာလေးတို့ ကြားဖူးမှာပါ--ဟောဒီငရဲမှာ
ကျခံနေကြရတာပဲလေ

နောက်တစ်ခုက
"လောဟကုမ္ဘီ" လို့ခေါ်တဲ့
"ကြေးအိုးကြီးငရဲ" ပေါ့---

တင်ပါ့ဘုရား--

ကဲ--ဒါဆိုရင်--ဒကာလေးတို့
သိပြီးသားဖြစ်လို့ အကျယ်ပြောပြဖို့မလိုတော့ပါဘူး
ဒီတော့--ငရဲကိုရောက်စေမယ့် မကောင်းမှု(အကုသိုလ်)တွေကို
ရှောင်ပြီး ကောင်းမှု(ကုသိုလ်)တွေကို တတ်နိုင်သလောက်
များများလုပ်ကြပါလို့ ဒကာလေးတို့ကို
သတိပေးချင်တာပါပဲ--

တင်ပါ့--ဘုရား
ဒီလောက်ဆိုးဆိုးဝါးဝါး--မချိမဆန့် ခံရမယ်
ဆိုတာကိုသိနေပါလျက်နဲ့ တပည့်တော်တို့ကတော့
မကောင်းမှုကို အမြဲရှောင်ကြဉ်ပါ့မယ်--
ဘုရား--

သာဓု--သာဓု--သာဓု--
ကဲ--ကဲ--ဦးပဉ္ဇင်းလည်း တရားထိုင်မယ့်
အချိန်ရောက်ပြီ--ဒကာတို့ ကျူရှင်ချိန်လည်းနီးနေပြီဆိုတော့
ပြန်ကြတော့--နော်--

http://www.dhammadownload.com

"ပိစိကျော်" ဘို့မောင်နှမ နှစ်ယောက် ဦးပဉ္စင်းဇနအား ကန်တော့နှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့ကြလေတော့သည်။

သူတို့အိမ်ရှေ့သို့အရောက်တွင်--အိမ်ရှေ့မှ အရက်သမား "ရွှေရစ်" အိမ်၌ လူများစုရုံးလျှက် ဆူညံနေသောကြောင့် "ဘုတ်အိမ်" က စပ်စပ်စုစု ပြေးကြည့်လိုက်သေးသည်။

မနက်က--မူးမူးရွှားရွှားနဲ့--သူအမေကို ဆဲဆိုပြီး--သံလမ်းဘူတာရုံဘက်က အရက်ဆိုင်ကို သွားရင်း--သံလမ်းကိုဖြတ်အကူး ရထားကြိတ် ခံလိုက်ရတာလေ--

မိဘကို ပြစ်မှားတဲ့သူဆိုတာ ဘဝမကူးခင်မှာပဲ "ကံကြီးထိုက်" တာပဲနော် သေတာတောင် နည်းသေးတယ်--သူအမေကြီး ဝင့်ကျွတ်တာပေါ့ရှင်--

အရက်သမား "ရွှေရစ်" ၏ အဖြစ်ဆိုးကိုကြားလိုက်ရသဖြင့် "ဘုတ်အိမ်" တို့မောင်နှမ အလှန်အံ့သြရလေပြီ။ သူတို့၏ အတွေးတွင် "အဝိစိ" ငရဲ၌ ငရဲကျခံနေရတော့မည်ဖြစ်သော အရက်သမား "ရွှေရစ်" ၏ အသွင်ကို မြင်ယောင်နေမိပြီ မဟုတ်ပါလား။

ဤမျှကြောက်မက်ဖွယ်ကောင်းလှသည့် "ငရဲ" သို့ မကျရောက်ရလေအောင်--"မကောင်းမှု ဒုစရိုက်" ဟူသမျှ မိမိတို့ဘယ်တော့မျှ မပြုကြပါဟု သန္နိဋ္ဌာန် ချလိုက်မိကြပါလေတော့သတည်း။

ဤစာအုပ်၌ ရေးဆွဲဖော်ပြထားသည့် "ငရဲ သရုပ်ဖော်ပန်းချီ" များကို ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစောင်းတန်းများတွင်ချိတ်ဆွဲရန် အတွက် လူ့ဒါန်း လိုပါက ကြာရှည်ခံ အဆင့်မြင့် ဗီနိုင်းပန်းချီ ကားချပ်များ အဖြစ် မှာကြားဝယ်ယူနိုင်ပါသည်။ အလှူရှင်အများကိုပါ ထည့်သွင်းပေးပါမည်။

သူတော်ကောင်းဓာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ

ပန်းချီ ဇော်ဝင်း

ဖုန်း ၀၉ ၅၀၆၀၁၀၇

http://www.dhammadownload.com

ShweMoung Colourful MiniComic No. 2 AUGUST 2011



အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်

ရွှေမောင်း အမှတ်စဉ် (၁) ဇူလိုင်လ၊ ၂၀၁၁

"ဩကာသ--ဟူသည်"

ဗုဒ္ဓဘာသာဝင် တို့ ငယ်စဉ်ကပင် ရွတ်ဆိုခဲ့ကြသော "ဩကာသ" ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံ သိရှိ ကြစေရန်အတွက် သရုပ်ဖော်ရေးဆွဲထားပါသည်။

အလိုရှိပါက အလိုတော်ပြည့် စာပေ သို့ မှာကြား ဝယ်ယူ နိုင်ပါသည်

ရွှေမောင်း

ဆေးရောင်စုံရုပ်ပြ

လစဉ် ပုံမှန် ထွက်နေပါပြီ

ဓမ္မ ရသ သုတ ရုပ်စုံ

လပေး မှာယူလိုသူများ အတွက် အောက်ပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက အိမ်အရောက် စရိတ်ငြိမ်း ပို့ပေးပါမည်။

	ရန်ကုန်မြို့	နယ်မြို့
၆ လစာ(၆ အုပ်)အတွက်	၂၅၀၀ ကျပ်	၃၀၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၅၀၀၀ ကျပ်	၆၀၀၀ ကျပ်

လပေးမှာယူသူများ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြ၍ အလိုတော်ပြည့် စာပေ သို့ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တိုက်ရိုက် ဆက်သွယ်မှာကြားနိုင်ကြပါပြီ။

'ငရဲ'---ဟူသည်

လူလောကဥ္စ အပြစ်ကျူးလွန်သူတို့သည် လူတို့၏ တရားရုံးအသီးသီးမှ ထိုသူပြုခဲ့သည့်အပြစ်နှင့် ထိုက်တန်သော အပြစ်ဒဏ်ချမှတ်၍ ပြစ်ဒဏ်စီရင်ခြင်းကိုခံရစမြဲဖြစ်၏။ ထိုနည်းတူစွာပင်---မကောင်းမှု(အကုသိုလ်)ကျူးလွန်သူတို့သည် လူဘဝမှ သေလွန်ပြီးနောက် ထိုသူပြုသမျှမကောင်းမှု(အကုသိုလ်)နှင့်လျော်ညီစွာပင် "အပါယ်လေးဘုံ" သို့ ကျရောက်လျှက် မိမိပြုခဲ့သမျှ မကောင်းမှု(အကုသိုလ်)အတွက် ပြစ်ဒဏ်ခံကြရမည်မှာ မုချဖြစ်လေ၏။ လူဘဝ လွှဲခုံရုံး၌ မိမိပြုခဲ့မိသော အပြစ်အတွက် အပြစ်ဒဏ်မလျှော့ပေါ့ ပေးပါရန် ဦးတိုက်ပန်ကြား လျောက်ထားခွင့်ရှိကောင်းရှိပေလိမ့်မည်။ မိမိပြစ်ဒဏ်ကျခံရသည့်အပေါ် လျောက်လဲချက် အသနားခံစာတင်ခွင့်ရှိကြလေ၏။ ထိုအခါ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ တရားဥပဒေအရ သက်ညှာနိုင်မှုအပေါ်မူတည်၍ လူတစ်ဦးမှ်းချမ်းသာခွင့် ရကောင်းရကြပေလိမ့်မည်။

သို့သော်---ဤ လောကသားများအတွက် အလိုအလျောက်တရားစီရင်ခြင်း "သဘာဝတရားခုံရုံးကြီး" သည်ကား မျက်နှာကြီးငယ်မလိုက်၊ ပြစ်မှုကျူးလွန်သူ(မကောင်းမှု) ပြုသူများအတွက် အပြစ်စီရင်ရာ၌ လျောက်လဲချက် တင်ခွင့်မရှိ၊ မိမိပြုခဲ့သည့်မကောင်းမှု(အကုသိုလ်)အပြစ်အတိုင်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ်လေးဘုံ၌ မုချမလွဲ ပြစ်ဒဏ်ကျခံကြရစမြဲတည်း။

ထိုသို့ အပြစ်ကျခံရာတွင် "ငရဲ" ဘုံ၌ ငရဲကျခံရခြင်းကဏ္ဍ ကို "ဗုဒ္ဓ "ဘုရားရှင်၏ ဟောကြားချက်အတိုင်း သာသနာရေးဦးစီးဌာနမှထုတ်ဝေသည့် "ဗုဒ္ဓဘာသာလက်စွဲကျမ်း" တွင် ဖော်ပြထားသည်ကို ကျွန်တော် လေ့လာဖတ်ရှုရသောအခါ၊ ဗုဒ္ဓဘာသာဝင် မိသားစုများအတွက် ရုပ်ပြအဖြစ်ရေးဆွဲ ကာ တင်ပြလိုခြင်းဆန္ဒ စေတနာ ဖြစ်ပေါ်ခဲ့ရပါ၏။ ကျွန်တော်တို့ ငယ်စဉ်အခါက ကျွန်တော့်မိခင်သည် ဘုရားစောင်းတန်း၌ ချိတ်ဆွဲထားသည့် "ငရဲကြီးရုစ်ထပ်" သရုပ်ဖော်ပန်းချီများကို တကူးတကပင်လိုက်ပြဖူးသည်ကို အမှတ်ရ အောက်မေ့မိပါသည်။ "ငရဲ"တွင် မည်သို့ "ခံ"ရမည်ကို သိမြင်ပါမှ "ငရဲ"ကို ကြောက်ရွံ့ကာ "ငရဲ"မကျအောင်နေတတ်ထိုင်တတ်မည်မဟုတ်ပါလား။

ပြစ်ဒဏ်ကျခံရမည် ကို နားလည်ပြီး ကြောက်တတ်သူသာလျင် အပြစ်ကျူးလွန်ခြင်းကို ရှောင်ကြဉ်ကြသည့် သဘောအရ "ငရဲ"၌ မည်သို့မည်ပုံ အပြစ်ဒဏ်ခံရကြောင်း သိရှိ မြင်တွေ့ကြမှသာလျင် မကောင်းမှု(အကုသိုလ်)ကို ရှောင်ကြဉ်ကြမည်သာ။

ထို့ကြောင့်---ငယ်စဉ်အရွယ်ကတည်းက မကောင်းမှုကိုမပြုမိရလေအောင်၊ ရှောင်ကြဉ်တတ်ကြစေရန်ရည်ရွယ်၍ "ငရဲကြီးရုစ်ထပ်"ကို သရုပ်ဖော်ရေးဆွဲတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ "ဟီရိ""ဩတပ္ပ"ဟူသော--အရှက်၊ အကြောက် တရားသည် သူတော်ကောင်းတရား တွင်အပါအဝင်ဖြစ်ပါသည်။ နေရာတကာ တွင် ရှက်ရမည်၊ ကြောက်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မကောင်းမှု(အကုသိုလ်)ပြုရမည်ကို ရှက်တတ်ရမည်၊ ကြောက်တတ်ရမည်ဟု သာ တရားတော်၌ ဆိုလိုခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးတော်ရှင် "ဗုဒ္ဓ"ဘုရား ဟောကြားခဲ့သည့်တရားတော်များသည်ကား လောကသားတိုင်း၊ သတ္တဝါတိုင်း အပါယ်မကျ စေရေးအတွက် "ကာကွယ်ဆေးကြိုး"တစ်ခွက်ပမာ မဟုတ်ပါလား။

အထူးအစီအစဉ်

ရွှေမောင်း ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်အနီးတိုက်မှ မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ကြိုတင်ငွေပို့ စနစ်ဖြင့် မှာယူပါက စရိတ်ငြိမ်း ပို့ပေးပါမည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲသို့ လည်းကောင်း ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ)သို့လည်းကောင်း "ငွေလွှဲ" ပေးပို့ရမည်ဖြစ်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၀၉၇ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၅၉ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။ အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လမ်း၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၇၅၉ ။
တန်ဖိုး ၅၀၀ ကျပ်
ထုတ်ဝေသူ■ဦးဟန်စိန်၊ ကျိုတော်လစဉ်၊ ၀၄၁၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုဇနဥယာဉ်အိမ်ရာ၊ ၄၉ရပ်ကွက်၊ ဒဂုံရပ်သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
■အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ■ဒေါ်ခင်စီ(၀၁၄၀၀)မေတ္တာဓိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဒေါ်မြားရင်လမ်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁ ၊ သြဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။